# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 27, 2020 Volume 27, Number 17


| ၂၇.၁.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၈/- ကျပ် |
| CBM Rate | = ၁၄၆၆.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၉၅.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၅၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၇၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၀
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တစ်လလျှင် ဒေါ်လာ သန်း ၅၀၀ ခန့်ရှိ

ယခုဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တစ်လလျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံရင်း နှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်ကပြောသည်။ ယခုဘဏ္ဍာနှစ် လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိသဖြင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၈၀၀ ပိုများသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်လေးလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့သည်။ ထို့ကြောင့် ယခုဘဏ္ဍာနှစ်တွင် မျှော်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ပြည့်မီနိုင်ကြောင်း ဦးသန့်စင်လွင်က ခန့်မှန်းသည်။ သံလျင်၊ ကျောက်ဖြူမြို့နယ်တွင် လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုအပါအဝင် စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ဟိုတယ်တည်ဆောက်ရေးကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများပါဝင်သည်။

ယခုဘဏ္ဍာနှစ် လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင် နေရာ ၆၈၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်စာရင်းများတွင်ဖော်ပြသည်။ ဒီချုပ်အစိုးရလက်ထက် တတိယမြောက်ဘဏ္ဍာနှစ် ၂၀၁၈- ၁၉ တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်း ၁၇၀၀၀၀ ကျော် ဖန်တီးပေးနိုင်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ယမန်နှစ် နှစ်ကုန်ပိုင်းတွင်ပြောသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ၂၀၁၇–၁၈ ဘဏ္ဍာနှစ်ထက် တစ်ဆကျော်ပိုမိုဖန်တီး ပေးနိုင်သည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၇–၁၈ ဘဏ္ဍာနှစ်၌ အလုပ်အကိုင် ၈၃၀၀၀ ကျော်သာ ဖန်တီးပေးနိုင်ခဲ့သည်။

၂၀၁၉ မြန်မာနိုင်ငံ၏ စီးပွားရေးသုံးသပ်ချက်အချို့တွင် ကုန်ထုတ်လုပ်ငန်းကဏ္ဍ၏ တိုးတက်မှုကို စီးပွားရေးလုပ်ငန်းရှင်အချို့ကအသိအမှတ်ပြုသည်။ အထူးသဖြင့် လက်ခစားအထည်ချုပ် စက်ရုံများဖြစ်သည်။ လုပ်သားအခြေပြု ထုတ်ကုန်လုပ်ငန်းဖြစ်သော အထည်ချုပ်လုပ်ငန်းများက ၂၀၁၉ အတွင်း တစ်လလျှင် ပျမ်းမျှစက်ရုံလေးရုံခန့် တိုးတက်နေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။

**Source:** https://7day.news/–176986

## ဝယ်ယူရန်ကျန်ရှိနေသည့် မတ်ပဲ တန်ချိန်နှစ်သိန်းခွဲ အိန္ဒိယ စတင်ဝယ်ယူ၊ ပဲဈေးကျသဖြင့် ဈေးကောင်းမရ




ဝယ်ယူရန်ကျန်နေသည့် မြန်မာ့မတ်ပဲ တန်ချိန် နှစ်သိန်းခွဲကို အိန္ဒိယပဲကုမ္ပဏီ ၁၇၀၀ ကျော်က စတင်ဝယ်ယူနေသော်လည်း အိန္ဒိယ၌ ပဲဈေးကျနေသဖြင့် ဈေးကောင်းမရကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရသည်။ "အိန္ဒိယအစိုးရက ပဲဝယ်ဖို့ ကုမ္ပဏီ ၁၇၀၀ ကျော်ကို ဇန်နဝါရီ ၂၀ ရက်က လိုင်စင်စပြီးချပေးတယ်။ ကုမ္ပဏီ တစ်ခုကို ၁၉၃ တန် ဝယ်ယူခွင့်ပေးထားတယ်။ အခု နည်းနည်းစပြီးတော့ဝယ်နေပါပြီ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံအတွင်းသို့ မြန်မာ့မတ်ပဲတင်သွင်းခွင့်ကို တန်ချိန်လေးသိန်းသတ်မှတ်ထားပြီး တန်ချိန်တစ်သိန်းခွဲကို တင်ပို့ပြီးဖြစ်ရာ တင်သွင်းရန်ကျန်ရှိနေသည့် တန်ချိန်နှစ်သိန်းခွဲကို ဆက်လက်တင်သွင်းခွင့်ပြုကြောင်း ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က အိန္ဒိယကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပြီးနောက် ကုမ္ပဏီများက ယခုစတင်ဝယ်ယူနေခြင်းဖြစ်သည်။ "ပဲဈေးက နည်းနည်းပြန်ကျသွားတယ်။ လိုင်စင် ချပေးပြီးမှ ပဲဈေးက ကျတာ။ လိုင်စင်မချခင်က ကျပ် ၁၁၃၀၀၀၀ ကနေ လက်ရှိ ကျပ် ၁၀၉၀၀၀၀ လောက်ပဲရှိတယ်။ ပထမအချက်အနေနဲ့ အိန္ဒိယပဲဈေးလည်း အထိုက်အလျောက် ပြန်ကျတာလည်းပါတယ်။ လိုင်စင်စချပေးလိုက်တာနဲ့ အိန္ဒိယပဲဈေးစကျတယ်။ အဲဒီတော့ ဝယ်ယူတဲ့ကုမ္ပဏီတွေကလည်း မြန်မာပြည်တွင်းမှာ ဈေးချဝယ်တယ်။ ပြောရရင်ဈေးနှုန်းကို ဟိုဘက်ဒီဘက် ပြန်ညှိသလိုဖြစ်နေတယ်"ဟု ဦးမင်းကိုဦးကပြောသည်။ မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ကာ ပြည်တွင်းပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့သဖြင့် ပဲစိုက်ပျိုးသော တောင်သူများနှင့်ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။

**Source:** https://myanmar.mmtimes.com/news/134408.html

## ဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၅ ဒသမ ၄ ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁ ဘီလျံကျော် ပိုမိုရရှိ

လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၅ ဒသမ ၄ ဘီလျံကျော်အထိ ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁ ဘီလျံကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၅ ဒသမ ၄၃၅ ဘီလျံရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၄ ဒသမ ၂၈၄ ဘီလျံသာ ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် သုံးလခွဲကျော်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူ ထက် ဒေါ်လာ ၁ ဒသမ ၁၅၁ ဘီလျံအထိ ပိုမိုတင်ပို့ထားနိုင်ခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားကုန်စည်များစသည်တို့ကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ လက်ရှိ NLD အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆ မြှင့်တင်နိုင်ရေးရည်မှန်းထားပြီး လက်ရှိအခြေအနေတွင် ပို့ကုန်တင်ပို့မှုမှာ ၂၀၁၅ ခုနှစ်ထက် နှစ်ဆတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို

ရရှိစေရန်ဖြစ်ကြောင်းသိရသည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများ ရှိနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလိုငွေပြမှုများလျော့နည်းစေရန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်လာစေရန်အတွက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများဖြေလျှော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍအား အားပေးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး အားပေးခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့်ရရှိပြီး လုပ်ငန်းရှင်များပို့ကုန်ဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဒသမ ၉၇၉ ဘီလျံအထိရရှိခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် ဒေါ်လာ ၃ ဒသမ ၈ ဘီ လျံကျော်အထိ ပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/156232

## တရုတ်နှစ်သစ်ကူးကျော်ကာလ ဖရဲ၊ သခွားဈေးကွက် အရောင်းတွင်ကျယ်ပြီး အမြင့်ဈေးရရှိနိုင်ဟုဆို



တရုတ်နှစ်သစ်ကူးကာလတွင် မူဆယ် ၁၀၅ မိုင်ဈေးကွက်၌ တရုတ်နိုင်ငံပို့ကုန်ဖြစ်သော ဖရဲနှင့်သခွားများ အရောင်းအဝယ်ရပ်နားထားရာ နှစ်သစ်ကူးအပြီး ဈေးကွက်ပြန်လည်ဖွင့်လှစ်ပါက ပြည်တွင်းထွက် ဖရဲနှင့်သခွားများ အရောင်းတွင်ကျယ်လာမည့်အပြင် ဈေးကောင်းရရှိနိုင်ကြောင်း မူဆယ်မြို့ရှိ သစ်သီးပွဲရုံများမှသိရသည်။ တရုတ်နှစ်သစ်ကူးကာလ ဇန်နဝါရီ ၂၄ ရက်မှစတင်၍ ၂၉ ရက်အထိ တရုတ်ဝယ်လက်များလာရောက်ခြင်း မရှိသဖြင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းရှိ သစ်သီးရောင်းဝယ်ရေးစခန်းရပ်နားထားခြင်းဖြစ်သည်။

''မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက်ပျိုးထွက်ရှိရာဒေသတွေက ဇန်နဝါရီ ၂၂ ရက်မှာ ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းကို ဖရဲသီးတင်ကားအစီး ၃၀ ကျော်ဝင်တယ်။ ကားအဝင်နည်းတော့ အရင်ရက်ပိုင်းကထက် ဈေးတန်းတွေ ခုန်တက်သွားတယ်။ တရုတ်ဘက်က ဝယ်သူများတာရယ်၊ ဒီရက်ပိုင်း တရုတ်နှစ်ကူးအကြိုရက်ဖြစ်တာရယ်၊ ဒါတွေကြောင့် ဖရဲ၊ သခွားဈေးတွေ ပိုရတယ်။ နှစ်သစ်ကူးအပြီး တရုတ်ပြည်မှာ ဖရဲ၊ သခွား လက်ကျန်အတော်နည်းမှာ သေချာတယ်။ သုံးရက်ပိတ်ထားတာက တစ်နည်းအားဖြင့် Marketing Control လုပ်ပေးသလို ဖြစ်သွားတယ်။ တရုတ်နှစ်သစ်ကူး ဟိုဘက်မှာ သူ့ဘက်ကပစ္စည်းအပြတ်နဲ့ဈေးကွက်အတက်အဆင်ပြေနိုင်တာမို့ တက်ဈေးမျှော်လင့်နိုင်ပါတယ်''ဟု မူဆယ်မြို့မှ သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ဇန်နဝါရီ ၂၇ ရက် နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံထွက် ဖရဲ၊ သခွားများကို တရုတ်ကုန်သည်များ ပြန်လည် လာရောက်ဝယ်ယူကြမည်ဖြစ်ရာ တရုတ်ကုန်သည်များလာရောက်ချိန်တွင် ပစ္စည်းစတင်ဝင်ချိန်ဖြစ်၍ မြန်မာ့ဖရဲနှင့်သခွားများ အရောင်းအဝယ်ပြန်လည်ကောင်းလာမည်ဖြစ်ကြောင်းနှင့် ၂၉ ရက်မှ စတင်၍ မူဆယ် ၁၀၅ မိုင် သစ်သီးရောင်းဝယ်ရေးစခန်းသို့ တရုတ်ကုန်သည်များ စုံစုံလင်လင်လာရောက်မည်ဖြစ်သဖြင့် ပိုမိုစည်ကားလာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134373.html

## ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်းပြန်တက်ခဲ့ပြီး တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်း ၁၄၇၄ ကျပ်၊ အနိမ့်ဆုံးနှုန်း ၁၄၆၇ ကျပ်ဝန်းကျင်ဖြစ်ပေါ်

ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း ပြန်လည်ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်မှ ဇန်နဝါရီ ၂၄ ရက်အတွင်း အမြင့်ဆုံးနှုန်း ၁၄၇၄ ကျပ်၊ အနိမ့်ဆုံးနှုန်း ၁၄၆၇ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှသိရသည်။

ယခုတစ်ပတ် ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၆၇ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်တွင် တစ်ဒေါ်လာ ကျပ် ၁၄၇၄ အထိ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်းများမှာ ဇူလိုင်တွင် ၉၇ ဒသမ ၉၁ ပွိုင့်၊ ဩဂုတ်တွင် ၉၈ ဒသမ ၉၅ ပွိုင့်၊ စက်တင်ဘာတွင် ၉၉ ဒသမ ၂၈ ပွိုင့်၊ အောက်တိုဘာတွင် ၉၉ ဒသမ ၂၉ ပွိုင့်၊ နိုဝင်ဘာတွင် ၉၈ ဒသမ ၄၃ ပွိုင့်၊ ဒီဇင်ဘာတွင် ၉၈ ဒသမ ၂၉ ပွိုင့် ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဖွန်လမှစ၍ သိသိသာသာမြင့်တက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့်ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက်တင်ဘာ ၂၀ ရက်၌ ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံး စံချိန်ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့သည်။

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ်အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ၊ မေ ၁၄ ရက် တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ် ဝန်းကျင်ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစ၍ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်ကျဆင်းခဲ့သည်။ ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြားငွေလဲနှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ၁၅၁၀– ၁၅၇၇ ကျပ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၅၁၄– ၁၅၄၀ ကျပ်၊ ဖေဖော်ဝါရီ၌ ၁၅၀၃– ၁၅၂၉ ကျပ်၊ မတ်၌ ၁၅၀၈– ၁၅၂၇ ကျပ်၊ ဧပြီတွင် ၁၅၀၄– ၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆– ၁၅၃၈ ကျပ်၊ ဇွန်တွင် ၁၅၁၇– ၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈– ၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀– ၁၅၂၆ ကျပ်၊ စက်တင်ဘာ၌ ၁၅၂၇– ၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈– ၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀– ၁၅၂၄ ကျပ်၊ ဒီဇင်ဘာတွင် ၁၄၈၅– ၁၅၁၃ ကျပ်တို့ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဖြစ်ပေါ်သော အခြား နိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၆၁၅ ကျပ်၊ စင်ကာပူ ဒေါ်လာ ၁၀၈၅ ကျပ်၊ မလေးရှားရင်းဂစ် ၃၅၇ ကျပ်၊ ထိုင်းဘတ် ၄၈ ဒသမ ၂ ကျပ်၊ တရုတ်ယွမ် ကျပ် ၂၁၀ ဖြစ်သည်။

**Source:** https://news-eleven.com/article/156356

## မုံရွာကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ပဲစင်းငုံ တင်း ၂၅၀၀ ခန့်ဝင်



မုံရွာကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ပဲစင်းငုံတင်း ၂၅၀၀ ခန့်ဝင်နေကြောင်း မုံရွာကုန်စည်ဒိုင် အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှသိရသည်။ "မုံရွာကုန်စည်ဒိုင်မှာ တစ်ရက်ကို ပဲစင်းငုံ တင်း ၂၅၀၀ လောက်ဝင်နေတယ်။ ချောင်းဦး၊ အရာတော်၊ ဘုတလင်၊ ကနီ၊ မင်းကင်း၊ မောင်းထောင်ဒေသတွေက အများဆုံးဝင်နေပြီး ပုလဲ၊ မင်းတိုင်ပင်က နည်းနည်းဝင်တယ်။ စစ်ကိုင်းတိုင်းထဲက မြောင်နဲ့ မြင်းမူမှ ပဲစင်းငုံတောင်သူတွေကတော့ မုံရွာကုန်စည်ဒိုင်နဲ့ မန္တလေးကုန်စည်ဒိုင်နှစ်ခုမှာ ဈေးသာတဲ့ဘက်ရောင်းကြတာပါ"ဟု ဦးဇော်မိုးကပြောသည်။

မြန်မာနိုင်ငံမှ ပဲစင်းငုံကို အိန္ဒိယက ဈေးနှိမ်ဝယ်နေခြင်းကြောင့် ပဲစင်းငုံအသစ်ပေါ်နေသော်လည်း ၂၀၁၆ ခုနှစ်ကဲ့သို့ ဈေးနှုန်းများပြီး ခိုင်မာမှုမရှိဖြစ်နေကြောင်းသိရသည်။ "၂၀၁၆ ခုနှစ်လောက်က ပဲစင်းငုံတစ်တင်းကို ကျပ် ၅၀,၀၀၀ လောက်ထိကပ်သွားတယ်။ အဲဒီနောက်ပိုင်းမှာ စီးပွားရေးဗျူဟာပြောင်းပြီး ထိန်းချုပ်ဝယ်တာ မြန်မာကုန်သည်တွေက သိုလှောင်မှုအားနည်းတာ၊ အရောင်းအဝယ်နဲ့ပတ်သက်တဲ့နည်းပညာ၊ အိုင်ဒီယာနည်းတဲ့အတွက်

လက်ရှိဈေးကွက်မှာ သူတို့ဝယ်ချင်တဲ့ဈေးအတိုင်း ရောင်းပေးနေရတဲ့ အနေအထားပါ"ဟု ဦးဇော်မိုးကပြောသည်။ အိန္ဒိယတွင် ပဲစင်းငုံတစ်တင်းလျှင် မြန်မာငွေကျပ် ၄၀၀၀၀ ခန့်ပေါက်နေသော်လည်း အိန္ဒိယက မြန်မာနိုင်ငံမှ တစ်တင်း ကျပ် ၂၇၀၀၀ ခန့်သာ ပေးဝယ်နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134337.html

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း အတက်အကျပမာဏ ကျပ် ၅၅၀၀ ဝန်းကျင်ရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၁၈၅၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၂၁၃၀၀၀ ဖြစ်ပေါ်

တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း အတက်အကျ ကျပ် ၁၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၁၃၀၀၀ (ဇန်နဝါရီ ၂၂ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၂၁၈၅၀၀ (ဇန်နဝါရီ ၂၁ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်း၌လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်၌ ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်၌ ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်၌ ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်၌ ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ ဖြစ်သည်။ ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်၌ ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ဇူလိုင်တွင် ကျပ် ၁၀၉၇၀၀၀ - ၁၁၅၀၀၀၀၊ ဩဂုတ်တွင် ကျပ် ၁၁၄၁၅၀၀-၁၂၆၃၀၀၀၊ စက်တင်ဘာတွင် ကျပ် ၁၂၁၃၀၀၀-၁၃၁၅၀၀၀၊ အောက်တိုဘာတွင် ကျပ် ၁၂၀၈၀၀၀-၁၂၃၃၀၀၀၊ နိုဝင်ဘာ၌ ကျပ် ၁၁၇၂၀၀၀- ၁၂၁၉၅၀၀၊ ဒီဇင်ဘာတွင် ကျပ် ၁၁၇၀၀၀၀- ၁၁၉၉၅၀၀ တို့ဖြစ်သည်။
၂၀၁၉ ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၂၇၈-၁၃၂၅ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၀၇- ၁၃၄၃ ဒေါ်လာ၊ မတ်တွင် ၁၂၉၂- ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉- ၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀- ၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅- ၁၄၂၃ ဒေါ်လာ၊ ဇူလိုင်တွင် ၁၃၈၂- ၁၄၄၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၄၅၀- ၁၅၄၂ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၄၈၃- ၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၄၇၂- ၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၄၅၅- ၁၅၁၃၊ ဒီဇင်ဘာတွင် ၁၄၅၆- ၁၅၁၄ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/156342

## ကြံနှင့်သကြားလုပ်ငန်းချေးငွေဖြင့် ရင်းနှီးမြှုပ်နှံရန်အဆိုပြုလွှာများဖိတ်ခေါ်

ကြံနှင့် သကြားလုပ်ငန်းတွင် ချေးငွေဖြင့် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအတွက် စီမံကိန်း အဆိုပြုလွှာများ အား စိုက်ပျိုးရေးဦးစီးဌာနက ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များ အသင်း ဒုဥက္ကဋ္ဌ

ဦးဝင်းဌေးကပြောသည်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် ပထမဦးစွာဆောင်ရွက်မည့် စီမံကိန်းများအနက် ကြံသီးနှံဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှရေးဆွဲ၍ စီမံကိန်း အဆိုပြုရန်ပုံငွေလည်း တင်ပြထားပြီးဖြစ်ကာ စီမံကိန်းနယ်ပယ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ပါဝင်ကြောင်းသိရသည်။ "စိုက်ပျိုးရေးဦးစီးဌာနက စီမံကိန်းအတွက် လုပ်ငန်းရှင်တွေ စိတ်ဝင်စားမှုအတိုင်းအတာနဲ့ ဌာနကရေးဆွဲထားတဲ့ စီမံကိန်းအတိုင်းလုပ်မှာလား။ လုပ်ရင်လည်း ဈေးငွေနဲ့လုပ်မလားဆိုတဲ့ လုပ်ငန်းရှင်တွေသဘောထားတောင်းခံတာဖြစ်ပါတယ်။ အသစ်လုပ်ချင်တဲ့သူတွေလည်း လုပ်လို့ရအောင်ပါ"ဟု ၎င်းက ပြောသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ထောင်ရေးနှင့်သက်ဆိုင်သည့် နားလည်မှု စာချွန်လွှာကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် စက်တင်ဘာလက တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းတွင် လက်မှတ်ထိုးခဲ့ပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတစ်လျှောက် ပထမအဆင့်အနေဖြင့် ဆောင်ရွက်မည့် စီမံကိန်းကိုးခုထဲတွင် ယခုစီမံကိန်းပါဝင်ကြောင်းသိရသည်။



ယင်းစီမံကိန်းအတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာဖော်ထုတ်ဖြန့်ဖြူးရေးလုပ်ငန်းစဉ်များရေးဆွဲထားပြီး ပုဂ္ဂလိကကဏ္ဍမှ ကန်ထရိုက်စိုက်ပျိုးရေးအစီအစဉ်တွင် စက်ကိရိယာရင်းနှီးမြှုပ်နှံမှု၊ ကြံသီးနှံမှ ဘိုင်အိုအီသနောထုတ်လုပ်မှု၊ SME လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမီသကြားများ စွမ်းအားမြင့်ထုတ်လုပ်ရေးနှင့် ကန်ထရိုက်တောင်သူများအား ထောက်ပံ့ရေးတို့ အကြမ်းဖျင်းပါဝင်ကြောင်းသိရသည်။ ကြံကို ပြည်နယ်နှင့်တိုင်းဒေသကြီး အများအပြားတွင်စိုက်ပျိုးလေ့ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးခြင်းဖြစ်ကာ ကြံမှသကြားချက်လုပ်ကာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းသို့ တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134406.html

## ထားဝယ်စီးပွားရေးဇုန်အတွက် ပြည်သူ့ကြားနာပွဲလုပ်မည်

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး တိုင်းဒေသကြီးအဆင့် ပထမဆုံးအကြိမ် ပြည်သူ့ကြားနာပွဲဆောင်ရွက်မည်ဖြစ်ကြောင်းထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှသတင်းရရှိသည်။ ထိုကြားနာပွဲတွင် အထူးစီးပွားရေးဇုန်တိုးတက်မှုများ၊ ဆက်လက်လုပ်ဆောင်မည့် စီမံကိန်းနှင့်နှောင့်နှေးနေရသည့် အကြောင်းအရာများကို ရှင်းပြမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးကပြောသည်။ “ဒေသခံတွေစိုးရိမ်ပူပန်မှုတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းပေးတယ်။ စီမံကိန်းဘာကြောင့် နှေးကွေးခဲ့ရတယ် ဆိုတာကို လူထုကိုရှင်းပြပေးသွားမယ်” ဟု ၎င်းကဆိုသည်။ ကြားနာပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် ထားဝယ်မြို့တော်ခန်းမ၌ပြုလုပ်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ကော်မတီကရှင်းလင်းတင်ပြမည်ဟု ကြေညာထားသည်။ အဆိုပါပွဲကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးတက်ရောက်မည်ဟု လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေးကပြောသည်။ “စိုးရိမ်မှုတွေရှိနေတဲ့ ဒေသခံတွေကို ဘယ်လိုအာမခံချက်ပေးမလဲ ကြည့်မယ်။ စက်မှုဇုန်ကို တော့ကန့်ကွက်စရာ မရှိပါဘူး။ သူတို့ဘက်က လက်ခံနိုင်တဲ့အတိုင်းအတာအထိ လုပ်ထားပါတယ်” ဟု ၎င်းကဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ကနဦး စက်မှုဇုန်နယ်မြေစီမံကိန်းအတွက် စာချုပ်ပြင်ဆင်မှုများကို ဇန်နဝါရီလဆန်းတွင် ဆောင်ရွက်ပြီးနောက် အကောင်အထည်ဖော်ခွင့်ရထားသည့် အီတာလျံ-ထိုင်းကုမ္ပဏီထံအကြောင်းကြားစာပေးပို့ခဲ့သည်။ ကနဦးစီမံကိန်းအတွက် စီမံကိန်းကိုးပိုင်းပါ ဝင်သည်ဟုဆိုသည်။ ယင်းတို့အနက် ထိုင်းနယ်စပ်-ထားဝယ် အထူးစီးပွားရေးဇုန်သွားရာနှစ်လမ်းသွားလမ်း၊ စက်မှုဇုန်၊ ဓာတ်အားပေးစက်ရုံ LNG (သဘာဝဓာတ်ငွေ့ရည်) ဆိပ်ကမ်း၊ တယ်လီကွန်းဆက်သွယ်ရေး၊ ဆိပ်ကမ်းငယ်နှင့် မြို့ပြစီမံကိန်းစသည်တို့ပါဝင်သည်ဟု ၎င်းကဆိုသည်။ ကနဦးစီမံကိန်းကို အသေးစားစက်မှုဇုန်လုပ်ငန်းဖော်ဆောင်ရန်သတ်မှတ်ထားပြီး ပင်မစီမံကိန်းကို အကြီးစားစက်မှုဇုန်အဖြစ် အကောင်အထည်ဖော်ရန်

စီစဉ်ထားသည်ဟု စီမံခန့်ခွဲရေး ကော်မတီကဆိုသည်။

ကနဦးစီမံကိန်းကို အီတာလျံ-ထိုင်းကုမ္ပဏီက လုပ်ကိုင်ခွင့်ရပြီး ပင်မစီမံကိန်းအတွက် ဂျပန်ကုမ္ပဏီတစ်ခု၊ ထိုင်းကုမ္ပဏီနှစ်ခု၊ တရုတ်ကုမ္ပဏီတစ်ခု၊ ဥရောပကုမ္ပဏီနှစ်ခုတို့နှင့်ညှိနှိုင်းနေသည်ဟု ယင်းကော်မတီထံမှသိရသည်။ ကနဦးစီမံကိန်းသည် မြေဧက ၆၆၀၀ ကျော်ရှိပြီး ပင်မစီမံကိန်းသည် မြေဧက ၄၈၀၀၀ ကျော်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ က စတင်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ခြင်းမရှိ၍ ရပ်ဆိုင်းခဲ့သည်။ ၂၀၁၅ ဇူလိုင်တွင် စီမံကိန်းပြန်လည်စတင်ရန် မြန်မာ-ထိုင်း-ဂျပန်သုံးနိုင်ငံ အစိုးရချင်း ဆွေးနွေးသဘောတူခဲ့သည်။

**Source:** https://7day.news/176988

## ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်း ၉၇ ပွိုင့်အထက်ရှိပြီး နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၁၄၇၀ ဝန်းကျင်အထိပြန်ကျ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်း ၉၇ ပွိုင့်အထက်ဖြင့် တစ်ပတ်တာဈေးပိတ်ခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်တွင် ပြည်တွင်းဈေးကွက်၌ တစ်ဒေါ်လာ ကျပ် ၁၄၇၀ ဝန်းကျင်အထိ ပြန်ကျခဲ့ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ကာ သိသိသာသာ မြင့်တက်ခဲ့ရာ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့် ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံး စံချိန်ထပ်တင်ခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် ၁၅၀၇ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်းအတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြားငွေလဲနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်း များမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၅၁၄-၁၅၄၀ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၅၀၃-၁၅၂၉ ကျပ်၊ မတ်တွင် ၁၅၀၈-၁၅၂၇ ကျပ်၊ ဧပြီတွင် ၁၅၀၄- ၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆-၁၅၃၈ ကျပ်၊ ဇွန်တွင် ၁၅၁၇-၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ် တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်တို့ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏လဲလှယ်မှု နှုန်းထားများမှာ ယူရို ၁၆၁၅ ကျပ်၊ စင်ကာပူဒေါ်လာ ၁၀၈၃ ကျပ်၊ မလေးရှားရင်းဂစ် ၃၅၇ ကျပ်၊ ထိုင်းဘတ် ၄၈ ဒသမ ၁ ကျပ်၊ တရုတ်ယွမ် ၂၁၀ ကျပ် ဖြစ်သည်။

**Source:** https://news-eleven.com/article/156225

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တရုတ်၊ဟောင်ကောင်နှင့်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၁၈) ခုကိုအတည်ပြု

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ဟောင်ကောင်နှင့် ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၈) ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု (၂)ခုတို့ကို အတည်ပြုပေးခဲ့ ပါသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃၉.၇၀၈ သန်းနှင့်

မြန်မာကျပ်ငွေ ၄၂၇၀.၀၀ သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်း (၂၀)ခုတို့မှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၆၀၃ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

**Source:** https://business.facebook.com/pg/SFJWeekly/posts/

## ထိုင်းနိုင်ငံ KBank (Kasikornbank) က မြန်မာ့ဘဏ္ဍာရေးကနယ်ပယ်မှာ တိုးချဲ့ရင်းနှီးမြှုပ်နှံဖို့ပြင်ဆင်

ထိုင်းနိုင်ငံ KBank (Kasikornbank) က မြန်မာ့ဘဏ္ဍာရေးကနယ်ပယ်မှာ တိုးချဲ့ရင်းနှီးမြှုပ်နှံဖို့ ပြင်ဆင်နေ တယ်လို ထိုင်းနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးထုတ်ပြန်ချက်အရသိရပါတယ်။ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍမှာ နိုင်ငံခြားဘဏ်များဝင်ရောက် လုပ်ကိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စတင်ခွင့်ပြုပေးပြီးနောက် KBank အနေနဲ့ မြန်မာမှာဝင်ရောက်ရင်ရင်းနှီးမြှုပ်နှံဖို့ သင့်လျော်တဲ့စီးပွားရေးပုံစံတစ်ခုကို လေ့လာနေခဲ့တာလို့ ဘဏ်တွဲဘက်ဥက္ကဌ Kattiya Indraravijaya က ပြောဆိုခဲ့တယ်လို့ဆိုပါတယ်။ KBank အနေဖြင့် ပြည်တွင်းဘဏ်တွေရဲ့ အစုရှယ်ယာတွေကို ဝယ်ယူခြင်း နည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းချဲ့ထွင်သွားဖို့ စဉ်းစားနေတာလည်းဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားဘဏ်လုပ်ငန်းများအား လက်အောက်ခံ(Subsudiary)၊ နိုင်ငံခြား ဘဏ်ခွဲ (Foreign Branch)နဲ့ ရှယ်ယာပိုင်ဆိုင်မှု (Equity holdingin a local bank) စတဲ့ လိုင်စင် ၃ မျိုးဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံခွင့်ပြုထားတာဖြစ်ပါတယ်။ KBank မှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန် အမေရိကန်၊ ကေမန်ကျွန်းစုစတဲ့နိုင်ငံတွေနဲ့ချိတ်ဆက်ပြီး ဘဏ္ဍာရေးလုပ်ဆောင်ချက်တွေဆောင်ရွက်လျက်ရှိတယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

**Source:** https://business.facebook.com/pg/SFJWeekly/posts/

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် မူဆယ် ဖရဲ၊ သခွား ဈေးကွက်ထိခိုက်လာနိုင်

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးနယ်မြေ၌ တရုတ်နှစ်သစ်ကူးကာလတွင်ပိတ်ထားသော ဖရဲ၊ သခွား အရောင်းဈေးကွက်များကို ဇန်နဝါရီ ၂၇ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ရာ စတင်ဖွင့်ချိန် တရုတ်နိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော ဝူဟန်ဒေသကစတင်သည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ဖရဲ၊ သခွားဈေးကွက် ထိခိုက်လာနိုင်ကြောင်း မူဆယ်မြို့ သစ်သီးပွဲရုံများမှသိရသည်။ "ကပ်ရောဂါ အသွင်ကူးပြောင်းစပြုလာပြီဖြစ်လို့ နယ်စပ်ဒေသ စီးပွားရေးနဲ့ ကုန်သွယ်မှုမှာ ကြီးကြီးမားမား ရိုက်ခတ်လာနိုင်ပါတယ်။

ဇန်နဝါရီ ၂၇ ရက်မှာ ဖရဲ၊ သခွားရောင်းဝယ်မှု ပြန်လည်စတင်တော့မယ့်အချိန်နဲ့လည်း ကံမကောင်းစွာတိုက်ဆိုင်နေပါတယ်။ နှစ်နိုင်ငံ လူဝင်လူထွက်နဲ့ အသွားအလာကန့်သတ်လာနိုင်ပါတယ်။ ဖရဲ၊ သခွားဈေးကွက်ကို ဘယ်အတိုင်းအတာထိ ရိုက်ခတ်မှုရှိမလဲဆိုတာ နောက်နေ့ဈေးကွက်တွေမှာ သိရမှာပါ"ဟု မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံပိုင်ရှင်က ၎င်း၏လူမှုကွန်ရက် စာမျက်နှာမှ တစ်ဆင့် ဖရဲ၊ သခွားတောင်သူများကို အသိပေးကြေညာထားသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံမှထွက်ရှိသော ဖရဲနှင့် သခွားသီးများ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံ ဘက်သို့ တွင်ကျယ်စွာရောင်းချရချိန်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါပိုးကြောင့် လူအများ စိုးရွံ့နေရသည့်အပြင် အသက်အန္တရာယ်ပါ ထိခိုက်နေသဖြင့် မြို့တချို့တွင် အနီးရောင်အဆင့်သတ်မှတ်ချက်အရေးပေါ်ဖြစ်နေ၍ အသွားအလာပါ ကန့်သတ်မှုရှိနေချိန်လည်းဖြစ်သည်။

အဆိုပါရောဂါဖြစ်ပွားချိန်နှင့် ဈေးကွက်ဖွင့်ချိန် ကြုံကြိုက်နေသဖြင့် ပြည်တွင်းမှ ဖရဲစိုက်တောင်သူများအနေနှင့် မူဆယ်သို့ အလောတကြီးတင်ပို့မှုထက် အချိန်စောင့်ကြည့်ပြီးမှသာတင်ပို့ရန် လိုအပ်နေပြီဖြစ်ကြောင်းသိရသည်။ မူဆယ်မြို့ရှိ သစ်သီးပွဲရုံများအနေဖြင့် ပြည်တွင်းမှမူဆယ်သို့တင်ပို့နေသူများ ကြိုတင်သိရှိစေရန်ရရှိသော သတင်းများနှင့်နယ်စပ်ဒေသအဝင်အထွက်၊ အရောင်းအဝယ်အခြေအနေသတင်းများကို မူဆယ်မြို့ခွာညိုသစ်သီးပွဲရုံမှ ဆက်လက်တင်သွားမည်ဖြစ်ကြောင်း ခွာညိုသစ်သီးပွဲရုံပိုင်ရှင် စိုင်းခင်မောင်ကအသိပေးထားသည်။

**Source:** https://myanmar.mmtimes.com/news/134426.html

## ဆောင်းမြေပဲကုန်ကြမ်းများထွက်နေသော်လည်း မကွေးဒေသတွင် စားသုံးဆီ(ပဲဆီ)ဈေးများ ထပ်မံမြင့်တက်နေဟုဆို

မကွေးတိုင်းဒေသကြီး မင်းဘူးတွင် ဆောင်းမြေပဲကုန်ကြမ်းများ ထွက်ရှိနေသော်လည်း ယခုလပိုင်းတွင် စားသုံးဆီ (ပဲဆီ) ဈေးနှုန်းများ ထပ်မံမြင့်တက်ခဲ့ကြောင်း စားသုံးဆီရောင်းချနေသည့်ဆိုင်များမှသိရသည်။ "ပြီးခဲ့တဲ့ ဆောင်းဝင်ကာလ မိုးရွာသွန်းမှုကောင်းခဲ့တာကြောင့် ဆောင်းမြေပဲစိုက်တဲ့တောင်သူတွေ အထွက်နှုန်းကောင်းပြီး မြေပဲတောင့်တစ်တင်းကျပ် ၁၆,၀၀၀ ဈေးအထိ ရှိနေပါတယ်။ မြေပဲသီးနံထွက်ရှိချိန်မှာ အရင်ကဆို ပဲဆီဈေးတွေကျဆင်းခဲ့ပေမယ့် အခုတော့ ပဲဆီဈေးတန်းက ထပ်မံမြင့်တက်ခဲ့တယ်။ အခုဆို ပဲဆီသန့်တစ်ပိဿာ ကျပ် ၆,၈၀၀၊ နှမ်းဆီသန့်တစ်ပိဿာ ကျပ် ၆,၅၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၂,၀၇၀ ဈေးတွေနဲ့ လက်လီရောင်းချနေပါတယ်"ဟု မကွေးမြို့ မြို့မဈေးကြီးမှ စားသုံးဆီရောင်းချနေသူ ကိုအောင်လှကပြောသည်။

"အခုလို သီးနံပေါ်ချိန်မှာဆို စားသုံးဆီဈေးကျဆင်းတတ်ပြီး အခုနှစ်ပိုင်းမှာ ပဲဆီ၊နှမ်းဆီဈေးတွေ မြင့်တက်ခဲ့တယ်။ အရင်လကဈေးနဲ့ဆို ပဲဆီတစ်ပိဿာ ကျပ် ၁,၀၀၀ နဲ့ နှမ်းဆီတစ်ပိဿာ ကျပ် ၈၀၀ ဈေး မြင့်တက်ခဲ့တယ်။ ကျွန်တော်ကတော့ သီးနံပေါ်ချိန်တွေမှာ စက်နဲ့ကြိတ်ပြီး အာမခံနဲ့ရောင်းချနေပါတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။ စားသုံးဆီကြိတ်ခွဲရာတွင် အသုံးပြုသော ပဲ၊ နှမ်းဈေးများမှာ ယနေ့ ပေါက်ဈေး နှမ်းနက် ၄၅ ပိဿာလျှင် ၁၈၀,၀၀၀၊ ဂုနက်/နှမ်းနက်ရိုးရိုး ၄၅ ပိဿာလျှင် ကျပ် ၁၈၅,၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာလျှင် ကျပ် ၁၃၈,၀၀၀၊ နှမ်းနီ ၄၅ ပိဿာလျှင် ကျပ် ၁၃၂,၀၀၀ ရှိကြောင်း မကွေးမြို့ကုန်စည်ဒိုင်မှသိရသည်။

"ကျွန်မတို့က ဆန်၊ ဆီ အဓိကရောင်းချနေပါတယ်။ အခုရက်ပိုင်း ပဲဆီ၊ နှမ်းဆီဈေးတွေ မြင့်တက်ခဲ့ပါတယ်။ ဒီနှစ်ပိုင်း ပဲဈေး၊ နှမ်းဈေးတွေကလည်း ပေါ်စမှာကို ဈေးတွေကောင်းနေတဲ့အတွက် ပဲဆီ၊ နှမ်း ဆီဈေးတွေ မြင့်တက်ခဲ့တာလို့ထင်ပါတယ်။ အဲဒီလိုပဲ စပါးဈေးတွေက ကောင်းနေတော့ ဆန်ဈေးတွေလည်း မြင့်တက်နေပါတယ်"ဟု မကွေးမြို့မ ဈေးကြီးအတွင်း ဆန်နှင့်ဆီရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဒေါ်အေးရင်ကပြောသည်။ စားသုံးဆီ (ပဲဆီ) ဈေးနှုန်းမှာ ယခင်လပိုင်းက ပဲဆီသန့်တစ်ပိဿာလျှင် ကျပ် ၅,၅၀၀ ဈေးရှိခဲ့ရာမှ ယခုလပိုင်းတွင် ပဲဆီသန့်တစ်ပိဿာလျှင် ကျပ် ၆,၈၀၀ ဈေးအထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134374.html

## ရှစ်ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲနှင့်မော်တော်ယာဉ်ပြပွဲကြီး ၂၀၂၀ မန္တလေးကျင်းပမည်

Myanmar Pio Motional Services (MPS) Co.,Ltd မှ စီစဉ်ကျင်းပမည့် 8th Japan Expo & Automotive Show 2020 mandalay (၈)ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲနှင့်မော်တော်ယာဉ်ပြပွဲကြီး ၂၀၂၀ မန္တလေးအား ဂျပန်ပြည်ပကုန်သွယ်မှုဆိုင်ရာအဖွဲ့အစည်း (Jetro) မှ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်တိုင်နေ့စဉ် နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပြပွဲကြီးတွင် အမျိုးအစားစုံလင်သည့် ဂျပန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ၊ ဖျော်ဖြေရေးများနှင့်အတူပြပွဲလာ ပရိသတ်များအား Lucky Draw အစီအစဉ်များ Automobile Sponsor အဖြစ် Gold Aya Motors International Group မှ ပံ့ပိုးကူညီပြီး ကုမ္ပဏီမှ နာမည်ကျော်အသစ် စက်စက်ကားများနှင့် Jet Our X70 ကားများ၊Ad Premium Foods Co.,Ltd မှ ပင်လယ်အစားအစာများ၊ ဆော်လမွန်ငါးနှင့်ပြုလုပ်ထားသော အစားအစာများ၊ ဖက်ထုပ်များ၊ ဂျပန်နိုင်ငံမှတင်သွင်းသော Dydo အအေးများ၊ အခြားသော အစားအသောက်ပြခန်းများ၊ Metro It & Japanese language Center မှ IT နည်းပညာနှင့် အင်ဂျင်နီယာအဖြစ် ရပ်တည်နိုင်ရန် နိုင်ငံရပ်ခြားမသွားလိုသူများအတွက် ကမ္ဘာ့အဆင့်မီ သင်ရိုးတမ်းများနှင့် နောက်ဆုံးပေါ်သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားခြင်းဆိုင်ရာ နည်းပညာအချက်အလက်များဖြင့် ရှင်းလင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ပြသသော ကုမ္ပဏီများအနေဖြင့် Fujiflm Myanmar Co., Ltd, Global KIM (Hyundai Motors), Shwe Tha Zin Co., Ltd, DKSH (Myanmar) Ltd (Omron), Mk Groups of Companies စသည်တို့ပါဝင်လျက် ဂျပန်နှင့်ဆိုင်ရာ ဆက်စပ်လုပ်ငန်း ၄၀ ကျော်တို့မှ ပြခန်းပေါင်း ၆၀ ခန့် ပါဝင်ပြသမည်ဖြစ်ကာ Media Partner များအဖြစ် Sky Net, Fm Bagan, EDKA

Digital တို့မှ ပါဝင်ပံ့ပိုးကူညီပေးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134392.html

## မြန်မာသို့ ကုန်ပစ္စည်းတင်ပို့ရာတွင်သတိထားရန် ဗီယက်နမ်ကုမ္ပဏီများအား ဗီယက်နမ်ကုန်သွယ်ရေးရုံးသတိပေး

မြန်မာနိုင်ငံတွင် ဈေးကွက်အခွင့်အရေးများစွာရှိနေသော်လည်း ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် သတိထားရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ကုန်သွယ်ရေးရုံးက ဇန်နဝါရီ ၂၅ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံရှိ ဥပဒေများအရ တင်ပို့လိုက်သောကုန်ပစ္စည်းများ ဆိပ်ကမ်းသို့ ရောက်ပြီး ရက် ၆၀ အတွင်း အကောက်ခွန်ဌာနနှင့်ဆက်သွယ်ပြီး လုပ်ဆောင်စရာရှိသည်များကို မလုပ်ဆောင်ပါက ယင်းပစ္စည်းများကိုသိမ်းယူကာ လေလံတင်ခြင်းတို့ကိုပြုလုပ်မည်ဖြစ်သည်။ ယင်းကြောင့် စီးပွားရေးအရ ဆုံးရှုံးမှုများမရှိစေရန် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် မြန်မာသို့ကုန်ပစ္စည်းများတင်ပို့ရာတွင် သတိထားရန်လိုအပ်နေကြောင်း ကုန်သွယ်ရေးရုံးက ပြောဆိုခဲ့သည်။ ထို့ပြင် ဗီယက်နမ်ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင်းရှိ လုပ်ငန်းတွဲဖက်လုပ်ကိုင်သူများနှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် မြန်မာဥပဒေများကိုလည်း နားလည်ရန်လိုအပ်ကြောင်း ရုံးကအကြံပြုထားသည်။

မြန်မာနိုင်ငံသားများသည် ဗီယက်နမ်မှတင်ပို့သော ဈေးသက်သာသည့် ကုန်ပစ္စည်းများကို သဘောကျကြကြောင်း ကုန်သွယ်ရေးကျွမ်းကျင်သူများက ပြောဆိုခဲ့သည်။ ထို့ပြင် ဒေသခံများသည် ဗီယက်နမ်မှတင်ပို့သော ကော်ဖီနှင့်လတ်ဆတ်သောအသီးများကို သဘောကျကြကြောင်း ကုန်သွယ်ရေးရုံးကဆိုသည်။ သို့သော်ဒေသတွင်းရှိ အခြားကုမ္ပဏီများ၏ ယှဉ်ပြိုင်မှုလည်းရှိနေသောကြောင့် ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် ကုန်ပစ္စည်းအရည်အသွေးတိုးတက်ကောင်းမွန်ရန်နှင့် ယှဉ်ပြိုင်မှုတွင် အသာစီးရစေရန် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်လိုအပ်ကြောင်း ကုန်သွယ်ရေးရုံးက သတိပေးထားသည်။

ဗီယက်နမ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များသည် ကမ္ဘာ့ဈေးကွက်တွင် ၎င်းတို့၏ကုန်ပစ္စည်းတံဆိပ်များ ပိုမိုနာမည်ကျော်ကြားလာရေးအတွက် အားထုတ်သင့်ပြီး ကုန်ပစ္စည်းထုပ်ပိုးမှုနှင့် တံဆိပ်တို့တွင် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်း ကုန်သွယ်ရေးရုံးက တိုက်တွန်းထားသည်။ သို့သော် ယင်းကဲ့သို့ စိန်ခေါ်စရာများရှိနေသော်လည်း မြန်မာတွင် ထုတ်လုပ်ရေးစွမ်းရည်နည်းနေခြင်း၊ သွင်းကုန်များနှင့်ပတ်သက်၍ အတားအဆီးနည်းပါးနေသေးခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတင်သွင်းသော ကုန်ပစ္စည်းများအပေါ် အခွန်လျှော့ချကောက်ခံခြင်းတို့ကြောင့် မြန်မာသည် ဗီယက်နမ်ကုမ္ပဏီများအတွက် အကျိုးရှိစေမည့် ဈေးကွက်တစ်ခုဖြစ်နေသည်။

ဗီယက်နမ်နှင့် မြန်မာတို့ကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၁၅၂ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ဒေါ်လာ သန်း ၈၆၀ အထိရှိလာခဲ့သည်။ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၉ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၀၅ ဘီလျံအထိရှိလာမည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် ဗီယက်နမ်သည် မြန်မာတွင် သတ္တမမြောက်အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုရှိနေသည့်နိုင်ငံဖြစ်ပြီး ဒေါ်လာ ၂ ဒသမ ၂ ဘီလျံတန်ဖိုးရှိသည့် စီမံကိန်းကြီး ၁၈ ခုလည်းရှိနေသည်။ မြန်မာသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် သတိထားရန် ဗီယက်နမ်ကုမ္ပဏီများအား ဗီယက်နမ်ကုန်သွယ်ရေးရုံးသတိပေးထားသည်။

**Source:** https://myanmar.mmtimes.com/news/134399.html

## IBK ဘဏ်အကြီးအကဲအသစ်မှ ဘဏ်၏ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတွက် ကတိသစ္စာပြုခဲ့မှုသတင်းတင်ပြခြင်း

ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သော Industrial Bank of Korea (IBK) ဘဏ်၏အကြီးအကဲအသစ်အမှုဆောင်အရာရှိချုပ် Mr. Yoon Jong-won သည် ၎င်း၏ IBK ဘဏ်ဥက္ကဋ္ဌသစ်တက်ပွဲနှင့်ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ခန့်အပ်လွှာရရှိပြီး ၂၇ ရက်အကြာ ၂၉-၁-၂၀၂၀ ဂုက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ IBK ဘဏ်၏ အကြီးအကဲရာထူးနေရာသည် ပုံမှန်အားဖြင့် (၃)နှစ်သက်တမ်းရှိကာ၊ သမ္မတမှ တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ပြီး၊ နောက်ဆုံးတာဝန်ယူခဲ့သည့် Mr. Kim Do Jin သည် ၂၇-၁၂-၂၀၁၉ ရက်နေ့က တာဝန်မှအနားယူခဲ့ပါသည်။

အဆိုပါ IBK ဘဏ်ဥက္ကဋ္ဌသစ်တက်ပွဲနှင့်ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် (IBK) ဘဏ်၏အကြီးအကဲအသစ်မှ

ၚင်းသည် ဘဏ်၏ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် တီထွင်ဆန်းသစ်သောဘဏ္ဍာရေး "Innovative Financing" ကို အထူးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မစ္စတာဘီလ်ဂိတ်အဆိုအမိန့်ရှိခဲ့သကဲ့သို့ ဘဏ်လုပ်ငန်းသည်အရေးကြီးလိုအပ်သော်လည်း ဘဏ်များသည်ထိုမျှမလိုအပ်ကြောင်း၊ ပြောင်းလဲမှုအရွေ့တစ်ခုကို မစွမ်းဆောင်နိုင်သောဘဏ်များသည် ရေရှည်တွင်တိမ်မြုပ်ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း တီထွင်ဆန်းသစ်နိုင်သည့် နည်းပညာပိုင်းတိုးတက်မှု၏အရေးပါပုံကို ဥပမာပေး၍ IBK ၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ခိုင်မာသည့် စိတ်ဓါတ်ဆုံးဖြတ်ထားရှိမှုကို Mr. Yoon က ထုတ်ဖော်ပြောကြားသွားခဲ့ပါသည်။

ထို့ပြင်အမှုဆောင်အရာရှိချုပ်အသစ်သည် ကျင့်ဝတ်ဆိုင်ရာစီမံခန့်ခွဲမှုအရေးပါမှုနှင့်ပတ်သက်၍ ကုမ္ပဏီတစ်ခုသည် ကမ္ဘာ့အကောင်းဆုံးဖြစ်နေသည့်တိုင် စောင့်ထိန်းရမည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်ခဲ့ပါက Customers များ၏ ယုံကြည် အားကိုးမှုကိုဆုံးရှုံးရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်တစ်ခုပန်းတိုင်ရောက်ရန်သည် ယုံကြည်စိတ်ချရမှု၊ စွမ်းဆောင်ရည်၊ ဝန်ထမ်းများနှင့်ဖွဲ့စည်းပုံစနစ်တို့ကောင်းမွန်မှသာ အောင်မြင်နိုင်မည်ဖြစ် ပါကြောင်း၊ ထို့ပြင် IBK ဘဏ်တိုးတက်အောင်မြင်ရေးအတွက်လိုအပ်ပါက ပြင်ပမှကျွမ်းကျင်အတတ်ပညာရှင် Experts များကိုလည်းလက်ခံသင့်ပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

IBKသမဂ္ဂအဖွဲ့ဝင်များသည် လွန်ခဲ့သောရက်သတ္တ(၃)ပတ်ခန့်ကMr. Yoonအား ဆိုးလ်မြို့ရှိ ဘဏ်၏ဌာနချုပ်အဆောက်အဦသို့ ဝင်ခွင့်မပြုခဲ့ဘဲ ဘဏ္ဍာရေးဆိုင်ရာ လက်တွေ့အတွေ့အကြုံမရှိသည့် အထက်မှတိုက်ရိုက်ခန့်ထားသည့် ပုဂ္ဂိုလ်ဟုဝေဖန်ပြောဆိုခဲ့မှုအပေါ် သမဂ္ဂခေါင်းဆောင်က အဆိုပါအခမ်းအနားတွင် ပြန်လည်တောင်းပန်ခဲ့ပြီး၊ IBKသမဂ္ဂအနေဖြင့် အမှုဆောင်အရာရှိချုပ်အသစ်၏ ပြောင်းလဲဆောင်ရွက်မည့်လမ်းစဉ်ကို ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။ Mr. Yoon သည် လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများ၏အားကိုးယုံကြည်မှုရရှိအောင် ကတိကဝတ်ပြုအာမခံခဲ့ပြီးသည့်နောက် ၎င်း၏ရုံးခန်းသို့ဝင်ရောက်နိုင်ခဲ့ပြီး၊ IBK သမဂ္ဂခေါင်းဆောင်အပါအဝင် ဝန်ထမ်း(၄၀၀)၏ အားပေးထောက်ခံမှုကိုလည်း ရရှိခဲ့ပြီဖြစ်ပါသည်။

အခမ်းအနားအပြီးတွင် Mr. Yoon က သတင်းမီဒီယာများအား မိမိသည်ချီးကျူးဂုဏ်ပြုမှုနှင့်အတူ ဖိအားများ ရရှိခြင်းကိုပါ တစ်ပြိုင်တည်းခံစားရပါကြောင်း၊ မိမိသည်အစိုးရဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့်အတွက် ယခုကဲ့သို့ အသေးစား၊ အလတ်စားလုပ်ငန်းများကို ကူညီထောက်ပံ့ပေးနိုင်မည့်ဘဏ်လုပ်ငန်းကြီးကို ဦးစီးဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဂုဏ်ယူပါကြောင်းဖြင့်ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့နေ့တွင်ပင် Mr. Yoon သည် ဆိုးလ်မြို့၊ အနောက်တောင်ပိုင်းရှိ IBK Guno ဘဏ်ခွဲ၊ တက်သစ်စလုပ်ငန်းများသို့ ရုံးခန်းနေရာထောက်ပံ့ပေးထားသော IBK ChangGong Guro နှင့် IBK Startup Accelerator Program မှ ထောက်ပံ့ပေးထားသော ALLT တို့သို့သွားရောက်ကြည့်ရှုခဲ့ပါကြောင်း သိရှိနိုင်ပါရန်နှင့် လိုအပ်သကဲ့သို့ ဆောင်ရွက်နိုင်ပါရန်ပေးပို့ တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ကိုရီးယား**

## ၂၀၁၉ ခုနှစ်က ကမ္ဘာ့ခရီးသွားလုပ်ငန်း တိုးတက်မှုနှေးကွေး

ယမန်နှစ် ၂၀၁၉ ခုနှစ်မှာတော့ ကမ္ဘာ့ ခရီးသွားလုပ်ငန်းထဲမှာ တိုးတက်မှုပိုင်း နှေးကွေးမှုတွေ ဖြစ်ပေါ်ခဲ့ပြီး ဒါဟာ ကမ္ဘာ့ စီးပွားရေး နှေးကွေးမှုနဲ့ သက်ဆိုင်နေကြောင်း ကုလသမဂ္ဂ ခရီးသွားလုပ်ငန်း အေဂျင်စီက ထုတ်ပြန်လိုက်ပါတယ်။ အထူးသဖြင့် Brexit နဲ့ပတ်သက်တဲ့ မသေချာမရေရာမှုတွေရှိနေတဲ့ ဥရောပဒေသနဲ့ဟောင်ကောင်ဆန္ဒပြပွဲတွေကြောင့် ဖိစီးခံခဲ့ရတဲ့အာရှဒေသတို့မှာ ခရီးသွားလာမှုတွေ အဓိကနှေးကွေးခဲ့တယ်လို့သိရပါတယ်။ ယမန်နှစ်အတွင်း နိုင်ငံတကာ ခရီးသွားဆိုက်ရောက်မှု အရေအတွက်ဟာ ၄ ရာခိုင်နှုန်းသာမြင့်တက်ပြီး ၁ ဒသမ ၅ ဘီလီယံ ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်နောက်ပိုင်း အနှေးကွေးဆုံးနှုန်းထားဖြစ်တယ်လို့ မက်ဒရစ် အခြေစိုက် ကမ္ဘာ့ ခရီးသွားလုပ်ငန်း အဖွဲ့အစည်း (UNWTO) က ထုတ်ပြန်သွားပါတယ်။

တချိန်တည်းမှာလည်း ယခုနှစ်မှာလည်း ကမ္ဘာ့ ခရီးသွားလုပ်ငန်းဟာ ၃ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအကြားသာ တိုးတက်မယ်လို့လည်း UNWTO က ခန့်မှန်းသွားပါတယ်။

**Source: https://www.bangkokpost.com/…/growth-in-number-of-global-to…**

**SFJ Strategy First Journal**

# STOCK EXCHANGE (27.1.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 27th Jan. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 2,625 | 29,085,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 1,730 | 6,747,000 | 38,929,150 | 151,824 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 492 | 11,316,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 196 | 568,400 | 12,823,224 | 37,187 |

## Market summary

As of 27th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.88 | +0.47 | +0.10% | 468.32 | 468.32 | 458.88 | 5,043 | 47,716,400 | 5 | 628,356 |

### Index chart




## Market Overview

As of 1:00 pm, 27th Jan. 2020

| MYANPIX | 458.88 ▲ 0.47 |
|---|---|
| Total Volume (shares) | 5,043 |
| Total Value (MMK) | 48 mil |
| Listed Company | 5 |
| Market Cap. (MMK) | 628,356 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |